2026 ခုနှစ်၊ ဧပြီလ 1 ရက်

# <u>စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သား အဆင့် 2 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲ - ပြည်တွင်းစာမေးပွဲ လမ်းညွှန်ချက်</u>

## 1. စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သားအဆင့် 2 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲနှင့် ပတ်သက်၍

စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် အထူးကျွမ်းကျင်လုပ်သား အဆင့် 2 နေထိုင်ခွင့်ဗီဇာဖြင့် လက်ခံမည့် နိုင်ငံခြားသားများသည် ဂျပန်အစိုးရမှ သတ်မှတ်ထားသော စီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့လုပ်ငန်းအတွေ့အကြုံ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည့်အပြင်၊ စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သား အဆင့် 2 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲ (နောင်တွင် "အထူးကျွမ်းကျင်လုပ်သားအဆင့် 2 စာမေးပွဲ" သို့မဟုတ် "စာမေးပွဲ" ဟု ခေါ်ဆိုမည်) ကိုလည်း အောင်မြင်ရန် လိုအပ်ပါသည်။
<u>အထူးကျွမ်းကျင်လုပ်သား အဆင့် 2 စာမေးပွဲကို ဖြေဆိုရန်အတွက် ပြင်ပစားသောက်ကုန်လုပ်ငန်း (သို့မဟုတ်) အစားအသောက်နှင့် အဖျော်ယမကာ ထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ပြီး နိုင်ငံခြားသားဝန်ထမ်းကို တိုက်ရိုက်အလုပ်ခန့်ထားသော ကုမ္ပဏီသည် OTAFF ၏ ဝဘ်ဆိုက်မှတစ်ဆင့် ကုမ္ပဏီ၏ My Page မှတ်ပုံတင်ခြင်း နှင့် ဖြေဆိုသူမှတ်ပုံတင်ခြင်းတို့ကို ပြုလုပ်ရန် လိုအပ်ပါသည်။</u>

အထူးကျွမ်းကျင်လုပ်သားနေထိုင်ခွင့်ဗီဇာလျှောက်ထားခြင်းနှင့် ပတ်သက်၍ သိရှိလိုပါက တရားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်ဝင်နေထိုင်ရေး ဦးစီးဌာနသို့

ဆက်သွယ်မေးမြန်းပါ။

ပြင်ပစားသောက်ကုန်လုပ်ငန်းနှင့် အစားအသောက်နှင့် အဖျော်ယမကာ ထုတ်လုပ်ရေးလုပ်ငန်းတို့၏ အထူးကျွမ်းကျင်လုပ်သား အဆင့် 2 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲနှင့် ပတ်သက်သည့် အချက်အလက်များကို သိရှိလိုပါက OTAFF ၏ ဝဘ်ဆိုက်ပင်မစာမျက်နှာ ၏ Top Screen တွင်ရှိသော "စုံစမ်းမေးမြန်းရန်" ကဏ္ဍမှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## 2. စာမေးပွဲဖြေဆိုခွင့် အရည်အချင်း

ဂျပန်နိုင်ငံအတွင်း အထူးကျွမ်းကျင်လုပ်သား အဆင့် 2 စာမေးပွဲကို ဖြေဆိုခွင့်ရှိသူမှာ အောက်ပါအချက် (1) မှ (4) အထိ အားလုံးနှင့် ကိုက်ညီသူ ဖြစ်ရပါမည်။

(1) စာမေးပွဲဖြေဆိုသည့်နေ့တွင် နေထိုင်ခွင့်ဗီဇာတစ်မျိုးမျိုး ရှိထားသူ ဖြစ်ရမည်။ (သတိပြုရန်အချက် 1)

(2) စာမေးပွဲဖြေဆိုသည့်နေ့တွင် အသက် 17 နှစ် ပြည့်ပြီးသူ

(3) နိုင်ငံမှထွက်ခွာရန်အမိန့်ကို ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဟု တရားရေးဝန်ကြီးက ကြေညာချက်ဖြင့် သတ်မှတ်ထားသော နိုင်ငံခြားအစိုးရ သို့မဟုတ် ဒေသ၏ အာဏာရှိသော အဖွဲ့အစည်းမှ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ် ပတ်စပို့ (သတိပြုရန်အချက် 2) ကို ကိုင်ဆောင်ထားသူများ။

(4) စာမေးပွဲဖြေဆိုသူအဖြစ် စာရင်းသွင်းလျှောက်ထားရာတွင် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍ၌ အလုပ်သမားအများအပြားကို ဦးဆောင်လမ်းညွှန်ရင်း လုပ်ငန်းခွင်ဝင်ရောက်ခဲ့ပြီး၊ လုပ်ငန်းစဉ်များကို စီမံခန့်ခွဲသူအဖြစ် လက်တွေ့လုပ်ငန်းအတွေ့အကြုံ (နောင်တွင် "စီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့လုပ်ငန်းအတွေ့အကြုံ" ဟု ခေါ်ဆိုမည်) 2 နှစ်နှင့်အထက်ရှိကြောင်း အတည်ပြုနိုင်သူ ဖြစ်ရပါမည်။ (သတိပြုရန်အချက် 3)

(သတိပြုရန်အချက် 1) ဂျပန်နိုင်ငံ၏ ဥပဒေများကို လိုက်နာပြီး ဂျပန်နိုင်ငံတွင် နေထိုင်နေသူများသည် စာမေးပွဲကို ဖြေဆိုနိုင်ပါသည်။ နေထိုင်ခွင့်ကတ်မရှိသော်လည်း၊ ဥပဒေကို လိုက်နာပြီး ဂျပန်နိုင်ငံတွင် ကာလတိုနေထိုင်ခွင့်ဖြင့် ရောက်ရှိနေသူများလည်း စာမေးပွဲကို ဖြေဆိုနိုင်ပါသည်။ ဂျပန်နိုင်ငံ၏ ဥပဒေများကို မလိုက်နာဘဲ ဂျပန်နိုင်ငံအတွင်း

ရောက်ရှိနေသူများ (တရားမဝင် နေထိုင်သူများ) သည် စာမေးပွဲ ဖြေဆိုခွင့် မရှိပါ။

(သတိပြုရန်အချက် 2) လက်ရှိအချိန်တွင် "အီရန်အစ္စလာမ်သမ္မတနိုင်ငံ" မှလွဲ၍ ကျန်ရှိသော နိုင်ငံခြားအစိုးရနှင့် ဒေသများမှ ထုတ်ပေးထားသည့် နိုင်ငံကူးလက်မှတ်များ အကျုံးဝင်ပါသည်။

(သတိပြုရန်အချက် 3) ဤအတည်ပြုချက်အတွက် ကုမ္ပဏီမှ လုပ်ငန်းအတွေ့အကြုံထောက်ခံစာကို OTAFF ထံသို့ တင်ပြရန် လိုအပ်ပါသည်။ ထို့ကြောင့် အထူးကျွမ်းကျင်လုပ်သား အဆင့် 2 စာမေးပွဲလျှောက်ထားခြင်းကို ကုမ္ပဏီ၏ My Page တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီမှတစ်ဆင့်သာ ဖြေဆိုသူအား စာရင်းသွင်းပေးရမည်ဖြစ်သည်။ <u>တစ်ဦးချင်းအသုံးပြုသည့် My Page သာရှိသူများသည် စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍ အထူးကျွမ်းကျင်လုပ်သား အဆင့် 2 အတွက် စာမေးပွဲလျှောက်ထား၍ မရနိုင်ပါ။</u>

- ■ ဤစာမေးပွဲကို အောင်မြင်ပြီးရုံဖြင့် "အထူးကျွမ်းကျင်လုပ်သား" နေထိုင်ခွင့်ဗီဇာကို မုချကေန် ရရှိမည်ဟု မဆိုလိုပါ။
- ■ စာမေးပွဲအောင်မြင်ပြီး နေထိုင်ခွင့်အရည်အချင်း အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်း သို့မဟုတ် နေထိုင်ခွင့်အဆင့်အတန်း ပြောင်းလဲလျှောက်ထားခြင်းများ ပြုလုပ်သော်လည်း နေထိုင်ခွင့်အရည်အချင်း အသိအမှတ်ပြုလက်မှတ်ကို မပျက်မကွက် ရရှိမည်ဟု မဆိုလိုပါ။
- ■ နေထိုင်ခွင့်အရည်အချင်း အသိအမှတ်ပြုလက်မှတ်ရရှိထားသော်လည်း၊ ပြည်ဝင်ခွင့် (ဗီဇာ) လျှောက်ထားမှုကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ သီးခြားစစ်ဆေးဆုံးဖြတ်ခြင်း ဖြစ်သောကြောင့် ပြည်ဝင်ခွင့် (ဗီဇာ) ကို မပျက်မကွက် ရရှိမည်ဟု မဆိုလိုပါ။

## 3. စာမေးပွဲဘာသာရပ်များ၊ စစ်ဆေးမည့်နည်းလမ်းနှင့် အခြားအချက်အလက်များ

(1) စာမေးပွဲဘာသာရပ်များ - စာတွေ့စစ်ဆေးခြင်းနှင့် လက်တွေ့စစ်ဆေးခြင်း

ဘာသာရပ် 2 ခု

(2) စာမေးပွဲဖြေဆိုချိန်: မိနစ် 70

(3) ရွေးချယ်စရာများ: 4ခု

(4) ဘာသာစကား - ဂျပန်ဘာသာစကား

(ခန်းဂျီးစာလုံးများတွင် ဖတ်နည်းဖော်ပြပေးထားမည်မဟုတ်ပါ။ )

(5) စစ်ဆေးမည့်ပုံစံ - ကွန်ပျူတာအခြေပြု စာမေးပွဲစနစ် (CBTစနစ်)

စာမေးပွဲစင်တာရှိ ကွန်ပျူတာကို အသုံးပြု၍ မေးခွန်းထုတ်ခြင်းနှင့် ဖြေဆိုခြင်းတို့ကို ပြုလုပ်ရသည့် စနစ်ဖြစ်ပြီး၊ ဖြေဆိုသူသည် ကွန်ပျူတာမျက်နှာပြင်ပေါ်တွင် ပေါ်လာသည့် မေးခွန်းများကိုကြည့်ကာ မျက်နှာပြင်ပေါ်တွင်ပင် အဖြေများကို ရွေးချယ်ဖြေဆိုရမည် ဖြစ်သည်။

(6) မေးခွန်းအရေအတွက်နှင့် အမှတ်ပေးပုံစံ -

<table>
<tr><th rowspan="2">အချက်အလက်</th><th colspan="2">စာတွေ့စစ်ဆေးမှု</th><th colspan="2">လက်တွေ့စစ်ဆေးမှု</th></tr>
<tr><th>မေးခွန်းအရေအတွက်</th><th>ရမှတ်</th><th>မေးခွန်းအရေအတွက်</th><th>ရမှတ်</th></tr>
<tr><td>လုပ်ငန်းစဉ် စီမံခန့်ခွဲသူတစ်ဦး၏ အခြေခံအချက်များ</td><td rowspan="3">မေးခွန်း 15ခု</td><td rowspan="3">အမှတ်ပြည့် 45 မှတ် (မေးခွန်း 1 ခုလျှင် 3 မှတ်)</td><td>–</td><td>–</td></tr>
<tr><td>အစားအသောက် သန့်ရှင်းရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး စီမံခန့်ခွဲမှု</td><td rowspan="2">မေးခွန်း 7ခု</td><td rowspan="2">အမှတ်ပြည့် 35 မှတ် (မေးခွန်း 1 ခုလျှင် 5 မှတ်)</td></tr>
<tr><td>လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု</td></tr>
<tr><td>အရည်အသွေး စီမံခန့်ခွဲမှု</td><td rowspan="3">မေးခွန်း 20ခု</td><td rowspan="3">အမှတ်ပြည့် 80 မှတ် (မေးခွန်း 1 ခုလျှင် 4 မှတ်)</td><td rowspan="2">မေးခွန်း 8ခု</td><td rowspan="2">အမှတ်ပြည့် 40 မှတ် (မေးခွန်း 1 ခုလျှင် 5 မှတ်)</td></tr>
<tr><td>ကုန်ထုတ်လုပ်မှု စီမံခန့်ခွဲခြင်း</td></tr>
<tr><td>စားသောက်ကုန်လုပ်ငန်းစုများအပေါ် လူမှုပတ်ဝန်းကျင်၏ တောင်းဆိုချက်များ</td><td>–</td><td>–</td></tr>
<tr><td>စုစုပေါင်း</td><td>မေးခွန်း 35ခု</td><td>125 မှတ်</td><td>မေးခွန်း 15ခု</td><td>75 မှတ်</td></tr>
</table>

[ကိုးကား]

လေ့လာရန်သင်ခန်းစာစာအုပ်၏ အခန်း 1 မှ 6 အထိ သက်ဆိုင်ရာ အခန်းအသီးသီးကို ကိုးကားဖတ်ရှုပေးပါ။

(အခန်း 1 ပါ "အလုပ်ရုံခေါင်းဆောင်အဖြစ် လုပ်ကိုင်ရန် အခြေခံအချက်များ" သည် "လုပ်ငန်းစဉ် စီမံခန့်ခွဲသူ၏ အခြေခံအချက်များ" နှင့် သက်ဆိုင်ပြီး၊ အခန်း 6 ပါ "လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုနှင့် ကုမ္ပဏီ၏ မူဝါဒများ" သည် "စားသောက်ကုန်လုပ်ငန်းစုများအပေါ် လူမှုပတ်ဝန်းကျင်၏ တောင်းဆိုချက်များ" နှင့် သက်ဆိုင်ပါသည်။)

## 4. အောင်မြင်မှု သတ်မှတ်ချက်

(1) အောင်မြင်မှုသတ်မှတ်ချက်မှာ စုစုပေါင်း ရမှတ် 200 အနက် 130 မှတ်နှင့်အထက် (မှန်ကန်မှုနှုန်း 65% နှင့်အထက်) ဖြစ်ပါသည်။

(2) စားသောက်ကုန်ထုတ်လုပ်ငန်း အထူးကျွမ်းကျင်လုပ်သား အဆင့် 2 စစ်ဆေးအကဲဖြတ်ခြင်း စာမေးပွဲတွင် ကျရှုံးခဲ့သော အဆင့် 1 အထူးကျွမ်းကျင် အလုပ်သမားများနှင့် ပတ်သက်သည့် ဆောင်ရွက်မှု အစီအမံများကို အောက်ဖော်ပြပါ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်တွင် အတည်ပြုစစ်ဆေးပေးပါ။
https://www.maff.go.jp/j/shokusan/sanki/soumu/attach/pdf/tokuteiginou-108.pdf

## 5. စာမေးပွဲကြေး

**15,000ယန်း (အခွန်ပါဝင်ပြီး)**

တစ်ကြိမ်ပေးသွင်းပြီးသော စာမေးပွဲကြေးကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။
သို့သော်လည်း အောက်ပါအခြေအနေများတွင်မူ စာမေးပွဲကြေးကို ပြန်လည်ထုတ်ပေးပါမည်။

- OTAFF ၏ အကြောင်းပြချက်တစ်စုံတစ်ရာကြောင့် စာမေးပွဲ ကျင်းပနိုင်ခြင်း မရှိသည့်အခါမျိုးတွင်

- သဘာဝဘေးအန္တရာယ် စသည်တို့ကြောင့် စာမေးပွဲကျင်းပနိုင်ခြင်း မရှိဟု OTAFF က ဆုံးဖြတ်သည့်အခါ
  (အခြားနေ့ရက်တွင် စာမေးပွဲဖြေဆိုခွင့်ရရှိပါက စာမေးပွဲကြေးကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။)

## 6. စာမေးပွဲပြန်လည်ဖြေဆိုခြင်း

စာမေးပွဲဖြေဆိုပြီးနောက် တူညီသောအလုပ်အမျိုးအစား၏ စာမေးပွဲကို ထပ်မံဖြေဆိုလိုပါက စာမေးပွဲဖြေဆိုခဲ့သည့်နေ့၏ နောက်တစ်နေ့မှ စတင်တွက်ချက်ပြီး 45 ရက်အနည်းဆုံး ခြားထားရမည်ဖြစ်သည်။ (စာမေးပွဲနေ့၏ နောက်တစ်နေ့မှ စတင်တွက်ချက်ပါက 46 ရက်မြောက်နေ့မှ စတင်၍ ထပ်မံဖြေဆိုနိုင်ပါသည်)

## 7. စာမေးပွဲဖြေဆိုမည့်နေ့တွင် လိုက်နာရမည့် အချက်အလက်များ

(1) ဧည့်ကြိုကောင်တာတွင် သတိပြုရန်အချက်များ

1) ကြိုတင်၍ "စာမေးပွဲဖြေဆိုမည့်နေ့တွင် လိုက်နာရန်သတိပြုချက်များ" ကို မပျက်မကွက် သေချာစွာ စစ်ဆေးဖတ်ရှုပါ။
2) စာမေးပွဲဖြေဆိုမည့်နေ့တွင် ယူဆောင်လာရမည့် ပစ္စည်းများကို ယူဆောင်လာခြင်း မရှိပါက စာမေးပွဲ ဖြေဆိုခွင့် ရရှိမည်မဟုတ်ပါ။

(2) စာမေးပွဲခန်းအတွင်းသို့ မဝင်မီ သတိပြုရန်အချက်များ

1) စာမေးပွဲခန်းထဲသို့ မဝင်မီ မျက်နှာဓာတ်ပုံ ရိုက်ကူးမည်ဖြစ်သည်။ မျက်နှာဓာတ်ပုံကို စာမေးပွဲရလဒ်အကြောင်းကြားစာတွင် အသုံးပြုမည် ဖြစ်ပါသည်။
2) စာမေးပွဲခန်းအတွင်းသို့ ကာယကံရှင်ဖြစ်ကြောင်း သက်သေခံအထောက်အထားမှအပ အခြားမည်သည့်ပစ္စည်းကိုမျှ ယူဆောင်ခွင့်မပြုပါ။ ကာယကံရှင်ဖြစ်ကြောင်း သက်သေခံအထောက်အထား မှအပ လက်ကိုင်ဖုန်း၊ ခဲတံ၊ လက်ပတ်နာရီ၊ ဂဏန်းပေါင်းစက် အပါအဝင် ကိုယ်ပိုင်ပစ္စည်းအားလုံးကို Lockerအတွင်းသို့ ထည့်ထားပါ။
3) လက်ကိုင်ဖုန်း စသည့် ပစ္စည်းများ ယူဆောင်လာခြင်း ရှိ၊ မရှိကို လုံခြုံရေးအရ

စစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ တာဝန်ခံဝန်ထမ်း၏ ညွှန်ကြားချက်များကို လိုက်နာပါ။

4) လက်ကိုင်ဖုန်းစသည့် တားမြစ်ပစ္စည်းများကို ယူဆောင်ရန် ကြိုးပမ်းသည်ဟု သိရှိရပါက စာမေးပွဲဖြေဆိုခွင့် ရရှိမည်မဟုတ်ပါ။ တာဝန်ခံဝန်ထမ်း၏ ညွှန်ကြားချက်များကို လိုက်နာပါ။
5) ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားစေရန်အတွက် လက်ခံကောင်တာနှင့် Locker များကို လုံခြုံရေးကင်မရာဖြင့် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။

(3) စာမေးပွဲဖြေဆိုနေစဉ်အတွင်း သတိပြုရန်အချက်များ

1) စာမေးပွဲတွင် အဖြေများဖြေဆိုရန်အတွက် မောက်စ်ကို အသုံးပြုရမည် ဖြစ်ပါသည်။ ကွန်ပျူတာမျက်နှာပြင်ပေါ် ရှိ လုပ်ဆောင်ချက်ခလုတ်များ (Action Buttons) ကို နှိပ်လိုသည့်အခါ မောက်စ်ကို ရွှေ့ပြီး မျက်နှာပြင်ပေါ် ရှိ မြှားအမှတ်အသားကိုရွှေ့၍ မောက်စ်၏ ဘယ်ဘက်ခလုတ်ကို တစ်ချက် နှိပ်ပေးပါ။ မောက်စ်၏ ခလုတ်ကို တစ်ချက်သာ နှိပ်ပါ။ နှစ်ကြိမ်နှင့် အထက်မနှိပ်မိစေရန် သတိပြုပါ။
2) စာမေးပွဲမဖြေဆိုမီနှင့် ဖြေဆိုနေစဉ်အတွင်း ကိုယ်ခန္ဓာနှင့် အဝတ်အစားများပေါ်တွင် စာသားများနှင့် ဂဏန်းများ ရေးသားထားခြင်း ကို စစ်ဆေးတွေ့ရှိပါက ခိုးချသည်ဟု သတ်မှတ်ခံရမည် ဖြစ်ပြီး စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရန် ခိုင်းစေခြင်းခံရကာ စာမေးပွဲဖြေဆိုခွင့်ကိုလည်း ပယ်ဖျက်မည် ဖြစ်ပါသည်။ ကိုယ်ခန္ဓာ သို့မဟုတ် အဝတ်အစားများပေါ်တွင် စာသားများနှင့် ဂဏန်းများ ရေးသားခြင်း မပြုလုပ်ရန် အထူးသတိပြုပေးပါ။
3) စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာမေးပွဲမေးခွန်းများနှင့် ပတ်သက်သည့် မေးမြန်းစုံစမ်းမှုများကို လုံးဝ ဖြေကြားပေးမည် မဟုတ်ပါ။ အကယ်၍ နားမလည်သည့်အချက်များရှိခြင်း သို့မဟုတ် ကွန်ပျူတာချို့ယွင်းခြင်း စသည့် ပြဿနာများရှိပါက ချက်ချင်းလက်ထောင်၍ဖြစ်စေ (သို့မဟုတ် ခေါ်ဆိုသည့်ခလုတ်ကိုနှိပ်၍ဖြစ်စေ) တာဝန်ခံဝန်ထမ်းကို ခေါ်ယူပါ။ စာမေးပွဲပြီးဆုံးသွားပြီးမှ အကြောင်းကြားလာပါက မည်သို့မျှ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။

4) အကယ်၍ မေးခွန်းများကို သတ်မှတ်ချိန်ထက် စောစီးစွာ ဖြေဆိုပြီးစီးပါက စာမေးပွဲအချိန် မကုန်ဆုံးမီ စာမေးပွဲခန်းအတွင်းမှ ထွက်ခွာနိုင်ပါသည်။
5) စာမေးပွဲခန်းအတွင်း အသုံးပြုနိုင်သည့် မှတ်စုစာရွက်နှင့် ခဲတံ (သို့မဟုတ် အီလက်ထရောနစ် Pad) တို့ကို ဝေပေးပါမည်။ ထို့အပြင် ကွန်ပျူတာတွင် ပါရှိသော ဂဏန်းပေါင်းစက် ကိုလည်း အသုံးပြုနိုင်ပါသည်။
6) စာမေးပွဲဖြေဆိုနေစဉ်အတွင်း မရိုးမသား ပြုလုပ်ခြင်း များကို လုံးဝမပြုလုပ်ပါနှင့်။ မရိုးမသားပြုလုပ်ခြင်းများ မရှိစေရန်အတွက် လုံခြုံရေးကင်မရာဖြင့် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။ စာမေးပွဲခန်းအတွင်း တာဝန်ကျဝန်ထမ်းများက လှည့်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။
7) မသမာမှုပြုလုပ်ပါက စာမေးပွဲကို ချက်ချင်းရပ်နားစေမည်ဖြစ်ပြီး အခန်းအတွင်းမှ နှင်ထုတ်ခြင်း ခံရပါမည်။

(4) စာမေးပွဲပြီးဆုံး၍ စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရာတွင် လိုက်နာရမည့်အချက်များ

1) စာမေးပွဲဖြေဆိုပြီးပါက စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရမည် ဖြစ်ပါသည်။
2) Lockerထဲတွင် အပ်နှံထားသော ပစ္စည်းများကို ပြန်လည်ထုတ်ယူပေးပါ။
3) Locker သော့ကို လက်ခံကောင်တာသို့ မပျက်မကွက် ပြန်လည်အပ်နှံပေးပါ။ မှားယွင်းပြီး ယူဆောင်သွားမိပါက သော့လဲလှယ်ခကို ပေးလျော်ရန် တောင်းခံခြင်း ခံရပါမည်။

(5) အခြားသတိပြုရန်အချက်များ

1) အခြားစာမေးပွဲဖြေဆိုသူများ သို့မဟုတ် စာမေးပွဲကြီးကြပ်ရေးမှူးများအား နှောင့်ယှက်ခြင်း၊ ထိခိုက်နစ်နာအောင်ပြုလုပ်ခြင်း သို့မဟုတ် ပြုလုပ်ရန် ကြံစည်အားထုတ်ခြင်းများ ပြုလုပ်ပါက စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးမည်ဖြစ်သည်။
2) စာမေးပွဲကျင်းပရာနေရာ (လက်ခံကောင်တာ အပါအဝင်) အတွင်း ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် အသံဖမ်းယူခြင်းများကို လုံးဝခွင့်မပြုပါ။
3) ဆေးလိပ်သောက်လိုပါက သတ်မှတ်ထားသော နေရာတွင်သာ သောက်ပေးပါ။
4) စာမေးပွဲခန်းအတွင်းသို့ စာမေးပွဲဖြေဆိုသူကိုယ်တိုင်သာ ဝင်ရောက်ခွင့်ရှိပါသည်။ (လိုက်ပါပို့ဆောင်သူများ ဝင်ရောက်ခွင့်မရှိပါ။)

5) စာမေးပွဲကြီးကြပ်ရေးမှူးများသည် စာမေးပွဲရလဒ်နှင့် ရမှတ်များနှင့် ပတ်သက်သည့် မေးမြန်းစုံစမ်းမှုများကို လုံးဝ ဖြေကြားပေးမည် မဟုတ်ပါ။

## 8. မရိုးမသားပြုလုပ်ခြင်းတားမြစ်ချက်နှင့် အောင်မြင်မှုရလဒ်များအား ပယ်ဖျက်ခြင်း

(1) အောက်ပါလုပ်ရပ်များကို မသမာမှုဟု သတ်မှတ်ပါသည်။

1) အဖွဲ့အစည်းမှ ဆောင်ရွက်သော စာမေးပွဲဖြေဆိုခွင့် အခွင့်အရေးကို တရားမျှတစွာ ရရှိစေရေးအပေါ် ထိခိုက်နစ်နာစေသည့် လုပ်ရပ်များဖြစ်သည့် My Page တွင် အချက်အလက်မှားယွင်းစွာစာရင်းသွင်းခြင်း နှင့် အကြိမ်ကြိမ် စာရင်းပေးသွင်းခြင်းအပါအဝင် မရိုးသားသော နည်းလမ်းများဖြင့် စာမေးပွဲဖြေဆိုခြင်း သို့မဟုတ် ဖြေဆိုရန် ကြိုးပမ်းခြင်း။
2) အဖွဲ့အစည်းမှ ဆောင်ရွက်သော ဖြေဆိုသူများ၏ အရည်အချင်းကို မှန်ကန်မျှတစွာ စစ်ဆေးတိုင်းတာမှုအပေါ် ထိခိုက်စေသည့် လုပ်ရပ်များနှင့် စာမေးပွဲကို စနစ်တကျ ကျင်းပဆောင်ရွက်မှုအပေါ် အနှောင့်အယှက်ဖြစ်စေသည့် လုပ်ရပ်များ။
3) စာမေးပွဲမေးခွန်းများကဲ့သို့သော လျှို့ဝှက်ချက်များနှင့် ပတ်သက်၍ စာမေးပွဲနှင့် သက်ဆိုင်ရာဝန်ထမ်းများထံမှ အချက်အလက် တောင်းခံခြင်း (သို့မဟုတ်) ရယူခြင်း စသည့် စာမေးပွဲ၏ လျှို့ဝှက်ချက်ကို ထိခိုက်စေသော လုပ်ရပ်များ။
4) စာမေးပွဲရလဒ် အကြောင်းကြားစာအား အတုပြုလုပ်ခြင်း
5) အထက်ဖော်ပြပါ အချက်များအပြင် စာမေးပွဲ၏ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် စနစ်တကျ ကျင်းပဆောင်ရွက်မှုတို့ကို အဟန့်အတားဖြစ်စေသော အခြားသော လုပ်ရပ်များ

(2) စာမေးပွဲခန်းအတွင်း အောက်ပါအတိုင်း ပြုလုပ်ခြင်းများကို မရိုးမသားပြုလုပ်ခြင်းဟု သတ်မှတ်ပြီး၊ စစ်ဆေးတွေ့ရှိသည်နှင့်တစ်ပြိုင်နက် စာမေးပွဲဖြေဆိုမှုကို ချက်ချင်း ရပ်ဆိုင်းမည် ဖြစ်ပါသည်။

1) စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားသူ မဟုတ်ဘဲ အခြားသူတစ်ဦးက ကိုယ်စားဝင်ရောက် ဖြေဆိုနေခြင်း။

2) စာမေးပွဲခန်းအတွင်း စကားပြောဆိုခြင်း နှင့် အခြားဖြေဆိုသူ၏ ကွန်ပျူတာမျက်နှာပြင်ကို ချောင်းကြည့်ခြင်း စသည့် ခိုးချမှုများ ပြုလုပ်ခြင်း။
3) စာမေးပွဲခန်းအတွင်းသို့ အချက်အလက်များ ယူဆောင်လာခြင်း၊ စာမေးပွဲခန်းအတွင်းမှ အချက်အလက်များ အပြင်သို့ ယူဆောင်သွားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ကြိုးပမ်းခြင်း
4) ခွင့်ပြုထားသည့် ပစ္စည်းများမှလွဲ၍ အခြားသော ပစ္စည်းများကို စာမေးပွဲခန်းအတွင်းသို့ ယူဆောင်လာခြင်းနှင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ကြိုးပမ်းခြင်း (※)
5) စာမေးပွဲစစ်ဆေးရေးဌာနမှ ထုတ်ပေးထားသော မှတ်စုစာရွက်နှင့် အီလက်ထရွန်နစ်Padတို့မှလွဲ၍ အခြားအရာများပေါ်တွင် စာရေးသားခြင်း၊ သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်တွင် စာသားများ ရေးသားထားလျက် စာမေးပွဲခန်းအတွင်းသို့ ဝင်ရောက်ခြင်း (※)

※ယူဆောင်လာခြင်း၊ အပြင်သို့ထုတ်ယူခြင်း သို့မဟုတ် ရေးသားထားခြင်းများ ပြုလုပ်ထားသော အချက်အလက်များသည် စာမေးပွဲနှင့် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ မရိုးမသားပြုလုပ်ခြင်းဟုသာ သတ်မှတ်မည် ဖြစ်ပါသည်။

(3) မရိုးမသားပြုလုပ်ခြင်းရှိခဲ့ပါက အရေးယူဆောင်ရွက်မည့် နည်းလမ်းများ

1) မသမာသော နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုခြင်း သို့မဟုတ် ဖြေဆိုရန် ကြံစည်အားထုတ်ခြင်းများ ပြုလုပ်ပါက စာမေးပွဲအဖြေလွှာကိုစစ်ဆေးမည်မဟုတ်ပါ။
2) မရိုးမသားပြုလုပ်ခြင်းကြောင့် နောက်နောင်တွင် ဖြေဆိုသူ၌ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက OTAFF အနေဖြင့် မည်သည့်တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဝတ္တရားရှိမည်မဟုတ်ပါ။ စာမေးပွဲဖြေဆိုခကြေးငွေ ကိုလည်း ပြန်လည်ပေးအပ်မည် မဟုတ်ပါ။
3) ခန္ဓာကိုယ် သို့မဟုတ် အသုံးအဆောင်ပစ္စည်းများပေါ်တွင် စာရေးသားထားသည်ကို တွေ့ရှိပါက သက်ဆိုင်ရာ အထောက်အထားပစ္စည်းများကို မှတ်တမ်းတင်ခြင်း (ဓာတ်ပုံရိုက်ယူခြင်း အပါအဝင်) ပြုလုပ်မည် ဖြစ်ပါသည်။
4) စာမေးပွဲရလဒ်အကြောင်းကြားစာ ထုတ်ပေးပြီးမှ မရိုးမသားပြုလုပ်မှုကို စစ်ဆေးတွေ့ရှိရပါကလည်း အောင်မြင်မှုအပါအဝင် ရရှိထားသော စာမေးပွဲရလဒ်

အားလုံးကို ပြန်လည်ပယ်ဖျက်သွားမည် ဖြစ်ပါသည်။ အောင်မြင်မှုအပါအဝင် စာမေးပွဲရလဒ်များကို ပြန်လည်ပယ်ဖျက်လိုက်သည့်အခါတွင် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်ဝင်ခွင့်စီမံခန့်ခွဲရေး ဦးစီးဌာနထံသို့ တိုက်ရိုက်သတင်းပို့ အကြောင်းကြားသွားမည် ဖြစ်ပါသည်။ အဆိုပါပုဂ္ဂိုလ်အား အောင်မြင်မှုရလဒ်အပါအဝင် ရမှတ်ရလဒ်များကို ပယ်ဖျက်ကြောင်း အကြောင်းကြားမည်ဖြစ်ပြီး၊ My Page တွင် တင်ပေးထားသော စာမေးပွဲရလဒ် အကြောင်းကြားစာ အချက်အလက်များကိုလည်း ပြန်လည်ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

5) မရိုးသားသော နည်းလမ်းဖြင့် ဖြေဆိုမှုပြုလုပ်ခဲ့ပါက အများဆုံး 5 နှစ်အထိ စာမေးပွဲဖြေဆိုခွင့် ပိတ်ပင်ခြင်း ခံရနိုင်ပါသည်။